Message Two

## ရင့်ကျက်ခြင်းသို့တိုင် အသက်၌ ကြီးထွားခြင်းအားဖြင့် သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေခြင်း

ဖတ်ရန်ကျမ်း။ ။ ဟေဗြဲ၊ ၆း၁။ ၈၊ ၄း၁၃။ ကော၊၁း၂၇-၂၉။ ၄း ၁၂။ ဗျာ၊၁၄း၁-၅

**I. ယာကုပ်သည် သူ၏ဩဝါဒစာစောင်၌ မြေကြီး၏အဖိုးတန်သော အသီးအနှံများကို စိတ်ရှည်စွာဖြင့် စောင့်မျှော်နေသော လယ်သမားတစ်ဦး၏ ပုံဥပမာကို အသုံးပြုထားသည် - ၅း၇။**

A. အမှန်စင်စစ် သခင်ယေရှုသည် စစ်မှန်သောလယ်သမား၊ အတုမရှိသော လယ်သမား ဖြစ်သည် - မ၊၁၃း၃။

B. ကျွန်ုပ်တို့သည် သခင်ဘုရား ကြွလာတော်မူခြင်းကို စိတ်ရှည်သည်းခံခြင်းဖြင့် မျှော်လင့်စောင့်ဆိုင်းလျက်နေစဉ်၊ စစ်မှန်သော လယ်သမားအနေဖြင့် ကိုယ်တော်သည် စပါးခင်း၏ အဦးသီးသောအသီးများ ရိတ်သိမ်းခြင်းအဖြစ် အသက်၌ ကျွန်ုပ်တို့၏ ရင့်ကျက်ခြင်းကို စိတ်ရှည်သည်းခံလျက် စောင့်မျှော်လျက်နေသည် - ဗျာ၊ ၁၄း၄၊ ၁၄-၁၅။

C. ကျွန်ုပ်တို့က "သခင်ဘုရား၊ အလျင်အမြန် ကြွလာတော်မူပါ"ဟု ဆုတောင်းမည်ဆိုပါက၊ သခင်ဘုရားသည်လည်း "ငါ ပြန်ကြွလာခြင်းကို သင် စောင့်ဆိုင်းမျှော်လင့်လျက်နေစဉ်၊ ငါသည် သင်၏ရင့်ကျက်ခြင်းကို စောင့်နေပါသည်။ သင်၏ရင့်ကျက်ခြင်းသာလျှင် ငါ၏ ပြန်ကြွလာခြင်းကို လျင်မြန်စေနိုင်သည်"ဟု မိန့်တော်မူလိမ့်မည်။

D. ကျွန်ုပ်တို့သည် သခင်ဘုရား ပြန်ကြွလာခြင်းအား စောင့်မျှော်နေခြင်းအတွက် အလေးအနက်ထားမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ရင့်ကျက်သည့်တိုင်အောင် အသက်၌ ကြီးထွားရန် လိုအပ်ကြောင်း သိရှိနားလည်ခြင်းသည် ကျွန်ုပ်တို့အတွက် ကြီးမားသော အကူအညီဖြစ်စေလိမ့်မည် ဖြစ်သည်။.

**II. ရင့်ကျက်ခြင်းမှာ ကျွန်ုပ်တို့၌ ခရစ်တော် ပုံပေါ်လာခြင်းပင် ဖြစ်သည် - ဂလ၊၄း၁၉။**

A. ကျွန်ုပ်တို့က ကိုယ်တော်အထံသို့ ယုံကြည်သောအခါ ခရစ်တော်သည် ကျွန်ုပ်တို့၌ မွေးဖွားလာသည် (ယော၊၃း၆၊ ၁၅-၁၆)။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာတွင် ကျွန်ုပ်တို့၌ အသက်ရှင်နေကာ (ဂလ၊၂း၂၀ခ)၊ ကျွန်ုပ်တို့ရင့်ကျက်ခြင်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပုံပေါ်လာလိမ့်မည်ဖြစ်သည် (၄း၁၉)။

1. ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ နောက်ဆုံးအဆင့်မှာ ရင့်ကျက်ခြင်း၊ အသက်၏ပြည့်ဝပြည့်စုံခြင်း ဖြစ်သည်။
   a. ဘုရားသခင်၏ ထာဝရအကြံအစည်တော်မှာ ကျွန်ုပ်တို့၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် ရင့်ကျက်ခြင်းအားဖြင့်သာ ပြီးမြောက်ပြည့်စုံနိုင်သည် - က၊၁း၂၆။ ကော၊၁း၂၈။ ၂း၁၉။ ၄း၁၂။
   b. ရင့်ကျက်ခြင်းသည် ကျွန်ုပ်တို့ အသက်နှင့်ပြည့်ဝပြည့်စုံသည့်တိုင် ကျွန်ုပ်တို့အထဲသို့ ဘုရားဆိုင်ရာ အသက်ကို အထပ် ထပ် ဖြည့်သွင်းပေးခြင်းအကြောင်း ဖြစ်သည် - ယော၊၁၀း၁၀ခ။
2. ရင့်ကျက်ခြင်းသည် စွမ်းဆောင်ရည် ကြီးမားကျယ်ပြန့်လာခြင်း အကြောင်းအရာဖြစ်သည်။
   a. အသက်၌ ရင့်ကျက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဝေငှဖြန့်ဖြူးပေးခြင်းကို လက်ခံရယူခြင်း၏ စုစုပေါင်း ရလဒ်ဖြစ်သည် - ဟေဗြဲ၊ ၁၂း၅-၁၁။
   b. အခြားသူများသည် အသက်၌ ရင့်ကျက်သောလူကို မြင်နိုင်သော်လည်း၊ ထိုလူသည် နှစ်များတစ်လျှောက်လုံး နေ့စဉ် ရက်ဆက်လျှို့ဝှက်စွာ ခံယူစုဆောင်းလာခဲ့သော သန့်ရှင်းသောဝိညာဉ်တော်၏ ဆုံးမခြင်းကိုမူ မမြင်နိုင်ကြပေ - ၂ကော၊၁း၈-၁၀။ က၊၄၇း၇၊ ၁၀။
3. ဘုရားသခင်သည် ကျွန်ုပ်တို့၌ ဖြည့်ထားသောအရာများအားလုံးမှ ကျွန်ုပ်တို့ကို ဗလာ ဖြစ်စေရန်နှင့် စိတ်ကိုလွှမ်းမိုးထားသောအရာများအားလုံးကို ဖယ်ရှားပေးရန် လူပုဂ္ဂိုလ်များ၊ အရာဝတ္ထုများနှင့် ဖြစ်ရပ်များကို အုပ်စိုးစီမံမှုရှိစွာဖြင့် အသုံးပြုတော်မူသည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပြည့်ဝရန် တိုးမြင့်နိုင်သော စွမ်းဆောင်ရည် ရှိနိုင်မည် ဖြစ်သည် - လု၊ ၁း၅၃။ မ၊ ၅း၆။

B. ခရစ်တော် ကျွန်ုပ်တို့၌ ပုံပေါ်လာခြင်းကို လိုအပ်နေရခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသားအရိုက်အရာ၌ ရင့်ကျက်ခြင်း ရှိလာရန်နှင့် အရွယ်ရောက်ပြီးသောသားများဖြစ်လာနိုင်ရန် ဖြစ်သည် - ဂလ၊၄း၄-၅။ ရော၊၈း၁၅။ ဧ၊၁း၅။

1. ကျွန်ုပ်တို့ အသစ်တစ်ဖန်မွေးဖွားသောအချိန်မှစပြီး၊ သခင်ဘုရားသည် ကျွန်ုပ်တို့ထဲ၌ လုပ်ဆောင်ပေးနေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ပုံသဏ္ဌာန်တော် ရှိနိုင်မည်ဖြစ်သည် - ၂ကော၊၃း၁၈။ ရော၊၈း၂၉။
2. သခင်ဘုရားသည် ကျွန်ုပ်တို့ထဲ၌ ကိုယ်တော်၏ ပုံသဏ္ဌာန်ကို အပြည့်အဝ လုပ်ဆောင်တော်မူပြီး၊ ကျွန်ုပ်တို့အားဖြင့် အပြည့်အဝ ထင်ရှားခြင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် အသက်၌ ကြီးထွားရင့်ကျက်လိမ့်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။

C. ဓမ္မသစ်ကျမ်း၌ အသုံးပြုထားသည့်အတိုင်း ရင့်ကျက်ခြင်း ဟူသော စကားလုံးမှာ ယုံကြည်သူများသည် အသစ်တစ်ဖန် မွေးဖွားချိန်၌ ရရှိခဲ့သော ဘုရားသခင်၏အသက်၌ ပြည့်ဝစွာ ကြီးထွားခြင်း၊ ရင့်ကျက်ခြင်းနှင့် စုံလင်ခြင်းတို့ကို ရည်ညွှန်းသည်။

1. ကျွန်ုပ်တို့သည် မိမိကိုယ်ကို ဘယ်သောအခါမှ ရောင့်ရဲမနေသင့်ဘဲ၊ ခရစ်တော်၏အသက်၌ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းကို ရှာဖွေဆည်းပူးသင့်သည်။ ကျွန်ုပ်တို့သည် နောက်ကျသောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသောအရာတို့ကို လှမ်းကမ်း၍၊ ခရစ်တော်၏မိလေနိုင်ငံတော်၌ ခရစ်တော်ကို အဆုံးစွန်သော မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ခရစ်တော်ကို ပြည့်ဝစွာ မွေ့လျော်ဝမ်းမြောက်ရန်နှင့် အမြတ်ရယူရန် လိုက်ပြေးခြင်းအားဖြင့် ရှေ့ဆက်ကာ၊ ရင့်ကျက်လာရန် လိုအပ်ပါ သည် - ဖိ၊၃း၁၂-၁၅။
2. ဝိညာဉ်ရေးရာအသက်တာ၌ ရင့်ကျက်ခြင်းအတွက် လိုအပ်သောအချက်မှာ ဘုရားဆိုင်ရာ အသက်၌ အဆက်မပြတ် ကြီးထွားရန်ဖြစ်သည် - ဧ၊ ၄း၁၅။
3. ခရစ်တော်၏အသက်၌ ယုံကြည်သူများ၏ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်း၏ အဆုံးစွန်သောရလဒ်မှာ ပြည့်ဝကြီးထွားသောလူ - ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်သည် ရင့်ကျက်သူအဖြစ်သို့ ကြီးထွားခြင်း ဖြစ်သည် - အငယ်၊ ၁၃။

## III. ပေါလု၏အမှုတော် ပန်းတိုင်မှာ လူသစ်တစ်ဦးအတွက် ခရစ်တော်၌ ရင့်ကျက်ပြီး ကြီးထွားသောလူတိုင်းကို ဆက်သရန်ဖြစ်သည် - ကော၊၁း၂၈-၂၉။ ၃း၁၀-၁၁။

A. ၁း၂၈ ရှိ "ပြည့်ဝစွာ ကြီးထွားလာခြင်း" ဟု ပြန်ဆိုထားသော ဂရိစကားလုံးသည် "စုံလင်သော"၊ "ပြည့်စုံသော" သို့မဟုတ် "ကြီးထွားရင့်ကျက်သော" ဟုလည်း ပြန်ဆိုနိုင်သည်။

B. ပေါလု၏အမှုတော်သည် အခြားသူများအထဲသို့ ခရစ်တော်ကို ဝေငှဖြန့်ဖြူးရန်ဖြစ်သည်။ သို့မှသာ သူတို့သည် ခရစ်တော်၌ ပြည့်ဝသော ကြီးထွားခြင်းတိုင်အောင် ရင့်ကျက်ခြင်းအားဖြင့် စုံလင်သော၊ ပြည့်စုံသော၊ ကြီးထွားရင့်ကျက်ခြင်း ရှိမည်ဖြစ်သည် - ဧ၊၄း၁၃။

C. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဝင်ရောက်လေလေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာလေလေ ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာလေလေ၊ ကိုယ်တော်အထဲသို့ ကျွန်ုပ်တို့ ဝင်ရောက်နိုင်လေလေ ဖြစ်သည်။ ဤစက်ဝန်းအားဖြင့် ကျွန်ုပ်တို့သည် အသက်၌ ကြီးထွားခြင်းဖြစ်သည် - ကော၊၁း၂၇-၂၈။

D. အပြစ်သားများအား ဧဝံဂေလိတရားဟောပြောခြင်းနှင့် သန့်ရှင်းသူများနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကျွန်ုပ်တို့၏ ပန်းတိုင်မှာ သူတို့အထဲသို့ ခရစ်တော်ကို အမှုဆောင်ပေးခြင်းဖြစ်သည်။ သို့မှသာ သူတို့သည် အသက်၌ ရင့်ကျက်ပြီး ကိုယ်တော်၌ ပြည့်ဝစွာ ကြီးထွား ဆက်သနိုင်မည်ဖြစ်သည် - ၃း၁၀-၁၁။ ဧ၊၄း၁၃-၁၄။

## IV. ချီဆောင်ခံရန်အတွက် အသင့်ဖြစ်ရန်မှာ ကျွန်ုပ်တို့သည် အသက်၌ ရင့်ကျက်ခြင်းရှိရန် လိုအပ်သည် - မ၊၂၄း၄၀-၄၁။

A. ချီဆောင်ခြင်းသည် အသက်၌ ဘုရားသခင်၏ ပြည့်ဝပြည့်စုံသော ကယ်တင်ခြင်း၏ အဆုံးစွန်သောအဆင့် - ကျွန်ုပ်တို့ ခန္ဓာ၏ အဆင်းသဏ္ဌာန် ပြောင်းလဲခြင်း၊ ရွေးနုတ်ခြင်း ဖြစ်သည် - ရော၊၅း၁၀။ ၈း၂၃။ ဖိ၊ ၃း၂၁။

1. ကျွန်ုပ်တို့ လက်ခံရရှိထားသော ဘုရားအသက်၏ တောင်းဆိုမှုနှင့် သခင်ဘုရားအပေါ် ကျွန်ုပ်တို့၏ မေတ္တာပြင်းထန်မှုကြောင့်၊ ကျွန်ုပ်တို့သည် သခင်ဘုရား ကြွလာခြင်းကို စောင့်မျှော်သော အသက်တာကို လိုက်ပြေးရန် အလိုရှိသည် - ၁သက်၊ ၁း၁၀။ ၂း၁၉။ ၃း၁၃။ ၄း၁၅။ ၅း၂၃။
2. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်ပြီး၊ ကိုယ်တော်၏ ပြန်ကြွလာခြင်းကို စောင့်မျှော်နေသကဲ့သို့၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏ မျက်မှောက်တော်သို့ ချီဆောင်ခြင်းခံရရန် မျှော်လင့်ကြသည် - မ၊၂၄း၄၀-၄၁။ လု၊၁၇း၃၁-၃၆။ ၂၁း၃၆။

B. ရင့်ကျက်လာခြင်းသည် နေ့ချင်းညချင်း ဖြစ်သောအရာမဟုတ်ပါ။ သခင်ဘုရား၏ပြန်ကြွလာခြင်းအတွက် ကျွန်ုပ်တို့သည် မိမိကိုယ်ကို ပြင်ဆင်ရန်၊ ကိုယ်တော်ကို ချစ်ရန်၊ ကိုယ်တော်၌ ကြီးထွားရန် လိုအပ်သည်။ သို့မှသာ ကိုယ်တော် ထင်ရှားပေါ်ထွန်းချိန် ကျွန်ုပ်တို့သည် ရင့်ကျက်ကာ၊ ချီဆောင်ခြင်းခံရမည် ဖြစ်သည် - ဗျာ၊ ၁၄း၁-၅။

C. ရင့်ကျက်ခြင်း အမှတ်အသားများတွင် အောက်ပါတို့ ပါဝင်သည် - ဟေဗြဲ၊ ၆း၁။
1. ကျွန်ုပ်တို့အား ပြောင်းလဲစေသော ဘုရားဆိုင်ရာ အသက်ဖြင့် ပြည့်နေခြင်း - ၂ကော၊ ၃း၁၈။
2. အသက်၌ စိုးစံခြင်း - ရော၊ ၅း၁၇
3. ကြေခဲဖွယ်သော အစာကို စားနိုင်ခြင်း - ဟေဗြဲ၊ ၅း ၁၂-၁၄။
4. နားလည်ခြင်း၌ ပြည့်ဝစွာကြီးထွားမှုရှိခြင်း - ၁ကော၊ ၁၄း၂၀။
5. ကျွန်ုပ်တို့၏ ကောင်းကင်ဆိုင်ရာအဖ စုံလင်သည်နည်းတူ စုံလင်ခံခြင်း - မ။ ၅း၄၈။
6. ကိုယ်ခန္ဓာတော်ကို မြင်ခြင်း၊ ကိုယ်ခန္ဓာတော်ကို သိခြင်း၊ ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်အတွက် အသက်ရှင်ခြင်း၊ ကိုယ်ခန္ဓာတော်ကို ဂရုစိုက်ခြင်းနှင့် ကိုယ်ခန္ဓာတော်ကို လေးစားခြင်းတို့ဖြစ်သည် - ၁ကော၊ ၄း၁၃-၁၆။

*© 2023 Living Stream Ministry*